# တရားမျှတမှုရှိသည့် အိမ် ရောင်း၊ ဝယ်၊ ငှားခြင်း ဆိုသည်မှာ ဘာလဲ။

အိမ် သို့မဟုတ် အိမ်နှင့်သက်ဆိုင်သောလုပ်ငန်းကိစ္စများကို လူတစ်ဦးတစ်ယောက်၏ ကာကွယ်မှုပြုထားသည့် ဂုဏ်အင်္ဂါရပ်များ အပေါ် မူတည်၍ နှိမ့်ချခွဲခြားဆက်ဆံပါက အင်ဒီယားနားနယ်၏တရားမျှတမှုရှိသည့် အိမ် ရောင်း၊ဝယ်၊ငှားခြင်း ဥပဒေ The Indiana Fair Housing Act (IFHA) အရ တရားမဝင်ပါ။

## နှိမ့်ချခွဲခြားမှုကို တားမြစ်ခြင်း

လူတစ်ဦးတစ်ယောက်အား အောက်၌ဖေါ်ပြထားသည့် အိမ်နှင့်သက်ဆိုင်သည့် လုပ်ငန်းကိစ္စများလုပ်ဆောင်ရာတွင် မျှတမှုမရှိစွာ ဖြင့်ဆက်ဆံမှုမပြုရ။

- မိသားစု တစ်စု သို့မဟုတ် တစ်စုထက်ပို ၍နေထိုင်မည့်နေရာ ငှားခြင်း သို့မဟုတ် ဝယ်ယူခြင်း။
- အိမ်၊ တိုက်ခန်း အဆောက်အအုံ ဆောက်မည်ဆိုသည့် ရည်ရွယ်ချက်နှင့် လစ်လပ်သောမြေကွက်ကို ဝယ်ယူခြင်း။
- အိမ်ဝယ်ယူရန် သို့မဟုတ် အိမ်ပြုပြင်ရန်အတွက် ချေးငွေ ထောက်ပံ့ခြင်း။
- အိမ်၊ တိုက်ခန်း အဆောက်အအုံ အရောင်းအဝယ်နှင့် ကြော်ငြာလုပ်ငန်း။
- အိမ်ပိုင်ရှင် နှင့် အိမ်ငှားများ အား အာမခံကြေးငွေ ရရှိရန် ထောက်ပံ့ခြင်း။
- အိမ်၊ တိုက်ခန်း အဆောက်အအုံများအား တန်ဖိုးဖြတ်ပေးခြင်း။
- အိမ်ခြံမြေ အဖွဲ့အစည်းများတွင် အဖွဲ့ဝင်ခြင်း သို့မဟုတ် အကျိုးဆောင်လုပ်ငန်းများ။



## ဆက်သွယ်ရန်၊


**Indiana Civil Rights Commission**
100 North Senate Avenue, Room N103
Indianapolis, Indiana 46204


ရုံးဖုန်း - (၃၁၇) ၂၃၂-၂၆၀၀
အခမဲ့ဖုန်း - (၈၀၀) ၆၂၈-၂၉၀၉
အကြားအာရုံချို့တဲ့သူများအတွက် - (၈၀၀) ၇၄၃-၃၃၃၃
ဖက်စ် - (၃၁၇) ၂၃၂-၆၅၈၀
အီးမေးလ် - icrc@crc.in.gov
အင်တာနက်လိပ်စာ - www.in.gov/icrc


## သင်၏အကျိုးခံစားခွင့်ကို ချိုးဖောက်ခြင်း ခံရသည်ဟု သင် ယုံကြည်လျှင်၊

အင်ဒီယားနားနယ်ပြည်သူ့အခွင့်အရေးကော်မရှင်သည် နှိမ့်ချခွဲခြားမှုနှင့်သက်ဆိုင်သည့်သင်၏တောင်းဆို စွဲဆိုချက်ကို ကူညီဆောင်ရွက်ပေးရန် အဆင်သင့်ရှိသည်။

## ကာကွယ်မှုပြုထားသည့် ဂုဏ်အင်္ဂါရပ်များ

- လူမျိုး
- အသားအရောင်
- မူလနေခဲ့သည့် တိုင်းနိုင်ငံ
- မျိုးရိုး
- ကိုးကွယ်သည့်ဘာသာ
- လိင် (ကျား/မ)
- မိသားစုအခြေအနေ (အိမ်ထောင်တွင်း
- အသက်၁၈နှစ်အောက် ကလေးရှိပါက) မသန်မစွမ်းဖြစ်ခြင်း



INDIANA CIVIL RIGHTS COMMISSION
ICRC
EQUAL OPPORTUNITY

# တရားမျှတမှုရှိသည့် အိမ် ရောင်း၊ ဝယ်၊ ငှားခြင်း



SEAL OF THE STATE OF INDIANA 1816

# မသန်မစွမ်းသောသူများ အသုံးပြုနိုင်ရန်ဆောင်ရွက်ပေးထားမှုများ




အိမ်ရှင် သို့မဟုတ် အိမ်ငှားရမ်းပေးသူသည် မသန်မစွမ်းဖြစ်နေသူ၏ လိုက်အပ်မှုနှင့်သက်ဆိုင်သော ကိုက်ညီသည့် လမ်းစဉ်နှင့်နည်းလမ်းများကို ချမှတ်ထားရမည်။

- ကူညီမှုပေးသည့် တရိစ္ဆာန်များအား ခွင့်ပြုခြင်း
- ကားရပ်ရန်နေရာသတ်မှတ်ပေးခြင်း
- လွယ်ကူစေမည့်အခန်းသို့ပြောင်းရွှေ့ခွင့်ပေးခြင်း
- လိုအပ်ပါက၊ ငှားရမ်းစာချုပ်အား စောစောအဆုံးသတ်ခွင့်ပေးခြင်း

အိမ်ရှင် သို့မဟုတ် အိမ်ငှားရမ်းပေးသူသည် မသန်မစွမ်းဖြစ်နေသူအတွက် ပြုပြင်မှုများ လုပ်ဆောင်ရန် လိုအပ်ပါက အင်းဒီယားနားနယ်၏ တရားမျှတစွာ အိမ် ရောင်း၊ဝယ်၊ငှားခြင်း ဥပဒေ အရ ဆောင်ရွက်ပေးရမည် ဖြစ်သည်။

- လိုအပ်သည့်ပြုပြင်မှုခွင့်ပြုချက်ရယူနိုင်ခြင်း
- အိမ်ငှားသည် နဂိုမူလအခြေအနေအတိုင်း အိမ်၊ အခန်း သို့မဟုတ် အဆောက်အဦအား ပြန်လည်အပ်နှံနိုင်ခြင်း၊
- ထုံးစံအားဖြင့် အိမ်ငှားသည် ကျသင့်ငွေ ခံရမည်
- ဥပမာ။ ဆင်ခြေလျှောများ၊ လက်တန်းလျားများ၊ ကော်ဇောများရွှေ့ခြင်း၊ စားပွဲအား နိမ့်အောင်ပြုလုပ်ခြင်း၊ အစရှိသည်ဖြင့်…



အင်းဒီယားနားနယ်၏ တရားမျှတစွာ အိမ် ရောင်း၊ဝယ်၊ငှားခြင်း ဥပဒေ အရ ၁၉၉၁ မတ်ချ်လ နောက်ပိုင်းဆောက်လုပ်သည့် အဆောက်အဦနှင့်အခန်းများသည် အောက်ဖော်ပြပါ အင်္ဂါရပ်များပါဝင်ရမည်။

- အခန်းများနှင့် လူသုံးများသောနေရာများကြား (အခန်းအတွင်းသို့နှင့်အခန်း၏ပတ်ဝန်းကျင်) တွင်လွယ်ကူသောလမ်း များထားရှိရမည်။ (ဖြေးဖြေးလျှောဆင်းသည့်နေရာ၊ လျှောတက်နိုင်သည့်နေရာ၊ တခါးပေါက်အကျယ်၊ တခါးအဝင်ဝအမြင့်၊ စသည့်ဖြင့်..)
- မီနိုင်သော မီးခလုပ်များ၊ လျှပ်စစ်ပေါက်များ နှင့် အပူချိန်ထိန်းသည့်စက်ခလုပ်
- လက်တန်းများထားရှိနိုင်သည့် ပိုမိုခိုင်ခန့်သည့် ရေချိုးခန်း နံရံ
- မီးဖိုချောင်နှင့်ရေချိုးခန်းများတွင် သန့်ရှင်းသောကြမ်းပြင်နေရာ လုံလုံလောက်လောက် ရှိရမည်

## အခြားသောတားမြစ်မှုများ

လူမျိုးတူသောသူများတစုတစည်းထဲနေနိုင်ရန် အိမ်ဈေးအား လက်ရှိပေါက်ဈေးထက်လျှော့ရောင်း ရန် အားပေးတိုက်တွန်းခြင်း။ ("blockbusting")

လူပေါ်မူတည်၍ ငွေချေးငှားခြင်းနှင့် အာမခံ စည်းကမ်းချက်များကို မျှတမှုမရှိစွာ သတ်မှတ်ထားခြင်း။ (“red lining”)

အိမ်ဝယ်မည့်သူနှင့် အိမ်ငှားမည့်သူများအား လူမျိုးတူသောသူများသီးသန့်နေထိုင်သည့်နေရာတွင် ဝယ်ယူ/ငှားရမ်း ရန် ဦးတည်တိုက်တွန်းပေးခြင်း။ ("Steering")

လူမျိုးစု၏ လူဦးရေပေါ်မူတည်၍ အိမ်ဝယ်ငွေချေးငှားခြင်း အပေါ် မမျှတစွာ ရောင်းဝယ်မှုပြုခြင်း။ ("Predatory lending")

လူတဦးတစ်ယောက်၏ လူမျိုး၊ ဘာသာ၊ နေထိုင်ခဲ့သည့်တိုင်းနိုင်ငံ၊ မသန်မစွမ်း၊ စသည့်ဖြင့်တို့ အပေါ် မတရားသဖြင့်အကျိုးသက်ရောက်စေနိုင်သည့် မူဝါဒများထားရှိခြင်း။ (ဥပမာ။ ယုတ္တိမတန်သည့် နေထိုင်မည့် လူဦးရေသတ်မှတ်ခြင်း၊ ငှားရမ်းမှုမပြုမည့် မူဝါဒထားရှိခြင်း၊ အလုပ်အကိုင်ရှိကြောင်းသက်သေပြရခြင်း မူဝါဒ၊ အစရှိသည်ဖြင့်…)

သူတဦးတယောက်၏ အိမ်နေရာ ငှားရမ်း၊ ဝယ်ယူ၊ သို့မဟုတ် ရောင်းချ မှုတွင် ထိုသူ၏ လူမျိုး၊ ဘာသာ၊ မသန်မစွမ်းဖြစ်ခြင်း၊ အစရှိသည်တို့ပေါ်မူတည်၍ ခြိမ်းခြောက်မှု သို့မဟုတ် ဝင်ရောက်စွက်ဖက်မှုပြုခြင်း။